American Heart Association.

# Lp(a) များးခြင်း - ဆက်လက်ဆောင်ရွက်ရန်အချက်များ



## *သွေးစစ်ချက်အဖြေနှင့်ပတ်သက်၍ ဆရာဝန်နှင့်တိုင်ပင်ခြင်းအတွက် လမ်းညွှန်ချက်*

### 1. သိထားသင့်သည်များ

Lipoprotein(a) များနေကြောင်း သိရခြင်းသည် မည်သည့်လက္ခဏာမျှမပြတတ်သဖြင့် အံ့အားသင့်စရာ ဖြစ်တတ်ပါသည်။ ထိုအခြေအနေကို သင်တစ်ယောက်တည်း ကြုံရသည်မဟုတ်ပါ။ ကမ္ဘာတဝန်း၌ Lp(a) များသူဦးရေသည် လူ 5 ဦးလျှင် 1 ဦးနှုန်း ရှိသည်။ Lp(a) များခြင်းကြောင့် နှလုံးရောဂါရနိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ တိုးလာသော်ငြား Lp(a) မဟုတ်သည့် အခြားအကြောင်းအချက်များအပေါ်လည်း မူတည်နေပါသေးသည်။ သင့်နှလုံးနှင့်ဦးနှောက်တို့၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်နည်းများ ရှိပါသည်။ Lp(a) လျော့ဆေးဟူ၍ မရှိသော်ငြား ကျန်းမာစွာ နေထိုင်စားသောက်၍ အခြားအကြောင်းအချက်များကိုလည်း ဆင်ခြင်ထိန်းညှိပါက အထောက်အကူပြုနိုင်ပါသည်။ Lp(a) သည် များသောအားဖြင့် မျိုးရိုးလိုက်တတ်သည်ဖြစ်ရာ သင့်သွေးနီးမိသားစုဝင်များကိုလည်း သွေးစစ်သင့်ပါသည်။

**ကျွန်ုပ်၏ Lp(a) ပမာဏ -** ____________________

**ဆရာဝန်ပြရာတွင် သင့်အနေဖြင့် ဤမေးခွန်းများ မေးသင့်ပါသည်။**

#### အန္တရာယ်များအကြောင်း

- ❑ - ကျွန်ုပ်၏ Lp(a) ပမာဏသည် နှလုံးရောဂါရနိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့အတွက် မည်သို့ ညွှန်ပြနေသနည်း။

____________________

- ❑ - အခြားတိုင်းတာချက်များ (ကိုလက်စ်ထရော၊ သွေးပေါင်ချိန်၊ သွေးတွင်းသကြားဓာတ်) သည် လည်း ထိုအန္တရာယ်အပေါ် မည်သို့သက်ရောက်နေသနည်း၊

____________________

- ❑ - ကျွန်ုပ်၏ မိဘ၊ မွေးချင်းနှင့် သားသမီးများလည်း ဤအတွက် သွေးစစ်သင့်ပါသလား။

____________________

- ❑ - ဤအခြေအနေသည် Familial hypercholesterolemia (FH) ကဲ့သို့သော မျိုးရိုးလိုက်သည့် ရောဂါများနှင့်လည်း ပတ်သက်နေပါသလား။

____________________

- ❑ - အခြားသိလိုသည်များ -

____________________

#### ကုသစောင့်ရှောက်နည်းအကြောင်း

- ❑ - နှလုံးရောဂါရနိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို မည်သို့လျှော့ချရမည်နည်း။

____________________

- ❑ - ဆေးတစ်စုံတစ်ရာ စတင်မှီဝဲရန်ဖြစ်စေ၊ ဆေးပြောင်းမှီဝဲရန်ဖြစ်စေ လိုအပ်မည်လား။

____________________

- ❑ - နှလုံးကျန်းမာရေးအခြေအနေကို မည်သို့တိုင်းတာစောင့်ကြည့်ရမည်နည်း။

____________________

- ❑ - Lp(a) များသူတို့အတွက် အထောက်အပံ့အဖွဲ့များဖြစ်စေ၊ အရင်းအမြစ်များဖြစ်စေ ရှိပါသလား။

____________________

- ❑ - အခြားသိလိုသည်များ

____________________

*(ဆရာဝန်ပြောပြသည့် ဆောင်ရန်ရှောင်ရန်များ၊ နောက်ဆက်တွဲအစီအစဉ်များ၊ မိသားစုအတွက် ဆောင်ရွက်စရာများ၊ ရည်မှန်းချက်များ၊ သတိပေးချက်များ စသည်တို့ကို ဤစာနောက်ကျောတွင် မှတ်စုရေးမှတ်ထားပါ)*

**Lp(a) ပမာဏအကြောင်း သိရှိနားလည်ခြင်းသည် နှလုံးကျန်းမာရေး ထိန်းသိမ်းခြင်းအတွက် အရေးကြီးအဆင့်တစ်ခု ဖြစ်ပါသည်။**

American Heart Association.

# ဆက်လက်ဆောင်ရွက်ရန်

ဤစာရွက်နေရာလွတ်သည် ယနေ့ဆေးခန်းပြရာ၌ မှတ်စုရေးမှတ်ရန် ဖြစ်သည်

## ယနေ့သိလာရသည့်အချက်များ

## ဆက်လက်ဆောင်ရွက်ရမည့်အချက်များ

- ❑ - နောက်ဆက်တွဲဆေးခန်းပြရန် ရက်ချိန်းယူခြင်း
- ❑ - ဓာတ်ခွဲခန်းအဖြေ သို့မဟုတ် သွေးစစ်ချက် ယူခြင်း
- ❑ - ကုသစောင့်ရှောက်နည်းအတွက် ဆရာဝန်နှင့်တိုင်ပင်ခြင်း
- ❑ - အခြားသိလိုသည်များ –

## မိသားစုအတွက် ချင့်ချိန်စရာများ

မိသားစုထဲ မည်သူတို့ကို စစ်ဆေးပေးရန် သို့မဟုတ်
နောက်ဆက်တွဲဆောင်ရွက်ပေးရန် လိုအပ်နေနိုင်သနည်း။

## ရည်မှန်းချက်များ

## မေးခွန်းများ သို့မဟုတ် သတိပေးချက်များ –



ပိုမိုသိရှိလိုလျှင်ဖြစ်စေ၊ ဆက်လက်ဆောင်ရွက်ရာ၌ ပံ့ပိုးမှုရယူလိုလျှင်ဖြစ်စေ **heart.org/lpa** (အင်္ဂလိပ်ဘာသာစကားသုံး ဝက်ဘ်ဆိုက်) ၌ စုံစမ်းနိုင်သည်။

မူပိုင်ခွင့် © 2026 American Heart Association, Inc. 2/26